# သတင်းကောင်းစာစောင်

## မာတိကာ

| | |
|---|---|
| ၁။ Holy Spirit | ဒေါ်သက်သက်တိုး |
| ၂။ဖြောင့်မတ်ခြင်းတံခါးသို့ဝင်ရောက်ခြင်း | ကော်နေလိ(ရန်ကုန်-၁) |
| ၃။ဘာသာပြန်ကဗျာကဏ္ဍ | M.Y.S (cLose to you) |
| ၄။သေခြင်း၏အဓိပ္ပာယ် (ကဗျာ) | ကြည်ထွန်းစံ |

# Holy Spirit

ဒေါ်သက်သက်တိုး

**STRUCTURE 1:19** ဗျာဒိတ်ကျမ်းတွင် **STRUCTURE 1:19**
အရ ဤလောကအတွက်ဖြစ်ပြီး ကာလ(ဗျာ၁) ဖြစ်ဆဲကာလ(၂-၃)နှင့်ဖြစ်လတ္တံ့ကာလ (၄-၁၁) ကို ဖော်ပြထားခြင်းဖြစ်ပါသည်။



သန့်ရှင်းသောဝိညာဉ်တော်ကို သမ္မာကျမ်းစာအုပ်၏နောက်ဆုံးအခန်းဖြစ်သောဗျာဒိတ်ကျမ်း၌ တွေ့ရသလို၊ သမ္မာကျမ်းစာအုပ်၏အရှေ့ဆုံးကျမ်းဖြစ်သော ကမ္ဘာဦးကျမ်း(၁း၂) တွင်လည်း တွေ့ရသည်။

ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းများတွင် ပါဝင်ပတ်သက်ဖော်ပြ ထားခြင်းဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်ဘုရားနှင့် သားတော်သခင်ယေရှုဘုရားကဲ့သို့ ပုဂ္ဂိုလ်တပါးဖြစ်သော တဆူတည်းသောဘုရားသခင်ဖြစ်ကြောင်း ရှေးဦးစွာ ဖော်ပြလိုပါသည်။



သားတော်သခင်ယေရှုဘုရားသည် ခမည်းတော်ဘုရားသခင်၏အကြံအစည်များကို အကောင်အထည်ဖော်ခြင်း၌ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် ကူညီထောက် မပေးခြင်းဖြစ်သည်။ သုံးပါးတလုံး တဝတည်း ဖြစ်၍၊ ခေတ်ကာလပိုင်းခြားခြင်းနှင့် ပတ်သက်သောဓမ္မကထိကများ၏အဆိုအရ

(၁)ဓမ္မဟောင်းခေတ်ကာလကို ခမည်းတော်ဘုရား ခေတ်ကာလ၊
(၂)ဓမ္မဟောင်းနှင့်ပင်တေကုတ္တေပွဲနေ့ကြားကာလ (ခရစ်တော်ဘုရား ဤလောကသို့ဆင်းသက်ကြွလာပေါ်ထွန်းသည့်အချိန်ကာလ)ကို ခရစ်တော်၏ခေတ်ကာလဟုခေါ်ခြင်း၊ (၃) ပင်တေကုတ္တေနေ့မှအစပြု၍၊ ခရစ်တော်ဘုရား၏ဒုတိယအကြိမ်ကြွလာမည့်ကြားကာလကို သန့်ရှင်းသောဝိညာဉ်တော်ခေတ်ဟူ၍၄င်း သတ်မှတ်ပါသည်။

ထို့ကြောင့် ဗျာဒိတ်ကျမ်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုဆောင်နေသောကာလ၏နောက်ဆုံးအချိန်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။

THE Names of THE Holy Spirit are

HoLy Spirit (Luk-11:13), Spirit of Holiness (Rm-1:4)

Spirit of Grace (Heb-11:29), Spirit of fire (Is-4:4)

Spirit of Truth (Jh-14:17),Spirit of Life (Rm-8:2)

Spirit of Jesus (Rm-8:9),Spirit of God (1col - 3:16)

Spirit of Glory (1Pet-4:14)

The Spirit of the LORD (LK-4:18)

The Comforter (Jh- 14:16)

The promised Holy Spirit (Eph-1:13)





1.What you Have Seen ဗျာ(၁)

ဗျာ၊ ၁း၁၀ -တမန်တော် ယောဟန်သည်သခင်ဘုရားနေ့၌သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပတ်မုကျွန်း၌ အကျဉ်းခံရစဉ် ဘုရားသခင်အပ်ပေးတော်မူသော ထိုသခင်၏ဗျာဒိတ်တော်ကို ကောင်းကင်တမန်မှတဆင့်မိမိအစေခံကျွန်ယောဟန်အား ဗျာဒိတ်တော်အရိပ်ကိုပြတော်မူ၏။ ထိုဗျာဒိတ်ကိုလည်းဝိညာဉ်တော်အားဖြင့်ငါတို့ကိုချစ်၍၊မိမိအသွေးနှင့်ငါတို့အပြစ်များကိုဆေးကြောတော်မူ၍၊ ခမည်းတော်ဘုရားသခင်ရှေ့တော်၌၊ ငါတို့ကို ရှင်ဘုရင်အရာ၌၄င်း၊ ယဇ်ပုရောဟိတ်အရာ၌၄င်း၊ ခန့်ထားသောသူသည် ကမ္ဘာအဆက်ဆက်ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူသည်။ အာမင်။

ထိုသခင်သည်မိုယ်းတိမ်နှင့်တကွကြွလာတော်မူသည်ကိုကိုယ် တော်ကိုထိုးဖောက်သော မြေကြီးသားအမျိုးမျိုးရှိ သမျှသည် ကိုယ်တော်ကြောင့်ငိုကြွေးမြည်တမ်းရကြလိမ့်မည်။ မှန်ပေ၏။ အာမင်။ ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ အစဉ်ရှိတော်မူသော ထာဝရအရှင်ဘုရားသခင် ဖြစ်တော်မူ၏။



2. What is Now (၂-၃)

ဗျာ၊ ၂း၇ ပတ်မုကျွန်းပေါ်တွင် ယောဟန်သည် သခင်ဘုရားနေ့၌ အကျဉ်းခံရစဉ် ဝိညာဉ်တော်ကိုခံရ၍၊ အသင်းတော်တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာအကြောင်းကို ဖော်ပြခံရပါသည်။

OT ၌ ဘုရားသခင်သည် ဧဒင်ဥယျာဉ်၌ အာဒံအား မြေမှုန့်ဖြင့် ဖန်ဆင်းကာ သူ၏နှာခေါင်းထဲသို့ ဇီဝအသက် (Breath က-၆း၁၇)ကို မှုတ်(Wind က- ၈း၁ သွင်း အသက်ရှင်စေ (Life ဗျာ၊ ၁၃း၁၅ ) ခဲ့ပါသည်။ ထိုအသက်သည် သန့်ရှင်းသောဝိညာဉ်တော်ကို (မ၊ ၁း၁၈ Ghost ) ဖြစ်ပါသည်။ ဘုရားသခင်သည်



အထောက်အမအားဖြင့် လူမိန်းမကို ဖန်ဆင်းကာ အာဒံထံသို့ ခေါ်ဆောင်ခဲ့သည်။ သေခြင်းအပြစ်ဝင်လာသောအခါ လူသည် မိမိမယားကို ဧဝအမည်ဖြင့် မှည့်လေသည်။အကြောင်းမူကား သူသည် အသက်ရှင်သောသူအပေါင်းတို့၏

အမိဖြစ်သတည်း။ (က၊ ၃း၂၀)
အာဒံ၏နားမထောင်မှုကြောင့်ဘုရားသားသမီးဖြစ်ရမည့်အစား၊ စာတန်စကားကို လက်ခံ၊ ဝန်ခံသောကြောင့်စာတန်သားသမီးများဖြစ်လေသည်။

(ဗျာ၊၁၇း၂)ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသောကြောင့် ကယ်တင်ခြင်းအစီအစဉ်ကို ပြုတော်မူ၏။ သားတော်ကို ဤလောကသို့စေလွှတ်သည်။ သားတော်သခင်ယေရှုသည်ခမည်းတော်၏စကားကို နာခံကာ ဤလောက၏အပြစ်ကို ယူဆောင်လျှက် အပြစ်၏အခသေခြင်းကို ကရာနီကုန်းလက်ဝါးကပ်တိုင်ပေါ်၌ အပြစ်၏အခသေခြင်းကို ပေးဆပ်ခဲ့သည်။
ိ ထိုသတင်းစကားကို ကြားပြီးလက်ခံယုံကြည်ရန် ဝိညာဉ်တော်သည် အလင်းပေးသည်။ ထိုသူ၌ သန့်ရှင်းသောဝိညာဉ်တော်တံဆိပ်ခတ်သည်။ (Seal ဧ၊ ၁း၁၃)
ဒုတိယမွေးဖွားခြင်းဖြစ်သည်။
ဧဒင်ဥယျာဉ်၌ ဘုရားသခင်သည် အာဒံအားပုံသဏ္ဍာန်တော်နှင့် အညီ၊ ဖန်ဆင်းသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၌

ယုံကြည်လက်ခံသူ များအား ဘုရားကဲ့သို့အသစ်ဖန်ဆင်းတော်မူ သည်။ (ဧ၊ ၄း၂၄)ဖန်ဆင်းပြုပြင်ခံရသောသတ္တဝါလူသစ်တိုင်းကို

Born again!!!!!

Born again!!!!!

Born again!!!!!

ဘုရားဘုန်းထင်ရှားရန်နှင့် အသင်းတော်တည်ဆောက်ရန် ဝိညာဉ်ဆုကျေးဇူး (၉)မျိုးမှ တမျိုးထက်ပို၍၊ သန့်ရှင်းသောဝိညာဉ်တော်သည် ချပေးသည်။ ဝိညာဉ်ဆုကျေးဇူး(၉)မျိုးမှာ (၁ကော၊ ၁၂း၈-၁၀)

၁။ ပညာတရား (Wisdom )
၂။ ထိုးထွင်းခြင်းတရား (Knowledge )
၃။ ယုံကြည်ခြင်း (Faith )
၄။ အနာရောဂါကိုငြိမ်းစေနိုင် (Healing )
၅။ တန်ခိုးကိုပြနိုင်(miraculous power )
၆။ ပရောဖက်ပြုနိုင် (Prophecy )
၇။ စိတ်ဝိညာဉ်ကိုပိုင်းခြားနိုင်( distinguishing between spirits)
၈။ အမျိုးမျိုးသောဘာသာစကားကိုပြောနိုင် ( tongues )
၉။ ထိုဘာသာစကားအနက်ကို ဖော်ပြနိုင်သောအခွင့်ရ (interpretation of ton)

ဒုတိယမွေးပြီးသူတိုင်း သန့်ရှင်းသောဝိညာဉ်တော်မပြည့်ဝပါ။ အကြောင်းမှာ နိမိတ်မလုပ်နိုင်ပါ။ လူနာကို အနာမငြိမ်းပေးနိုင်ပါ။ နတ်ဆိုးများကို မနှင်နိုင်ပါ။ တန်ခိုးမတွေ့ရပါ။ ဝိညာဉ်တော်ပြည့်ဝခြင်းသည် ဘုရားသခင်၏အမိန့်ဖြစ်၏။ (ဧ၊ ၅း၁၈) သခင်ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် မွေးဖွားပြီးသော်လည်း ဗတ္တိဇံခံစဉ် ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းလာ၏။ ဝိညာဉ်ပြည့်ဝသော်လည်း ထပ်ဖြည့်သည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ပုံဆောင်ချက်များ။

| | | | |
|---|---|---|---|
| ၁။ | Clothing | (ဝတ်ရုံ) | တ၊၁း၈ |
| ၂။ | Dove | (ချိုးငှက်) | မာ၊ ၁း၁၀ |
| ၃။ | Fire | (မီး) | ဆာ၊ ၁၁၉း၁၈ |
| ၄။ | Oil | (ဆီ) | လု၊ ၄း၁၈၊၁၉ |
| ၅။ | Water | (ရေ) | ယေဇ၊ ၄၇း၁-၁၂ |
| ၆။ | Wind | (လေ) | ယော၊ ၃း၈ |
| ၇။ | Seed | (မျိုးစေ့တော်၊မျိုးစေ့) | လု၊ ၈း၅ |
| ၈။ | Servant | ( ကျွန်) | က၊ ၂၄ |
| ၉။ | Wine | (စပျစ်ရည်) | ဧ၊ ၅း၁၈ |

ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် ဝိညာဉ်ဗတ္တိဇံခံခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ ဝိညာဉ်တော်၏အုပ်စိုးမှုကို ခံယူခြင်းဖြစ်သည်။ (ဧ၊ ၅း၁၈) သမ္မာကျမ်းစာက ရေနှင့် ဝိညာဉ်တော်မမွေးသောသူ မည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။ (ယော၊ ၃း၅)





ထိုသူ၏အ သက်တာတွင် ခရစ်တော်သည်
ဘုရင်အဖြစ်အုပ် စိုးလျှက်
ဝိညာဉ်အသီးများထွက်ပေါ်လာကာ
လှပစိုပြေလာသည်။ဝိညာဉ်အသီးများမှာ ဂလ၊
၅း၂၂၊၂၃

(က) အပြင်သီး
ဧဝံဂေလိဟောခြင်းဖြင့် ပြောင်းလဲလာခြင်း။
(ခ) အတွင်းသီး - The fruit of the Spirit
၁။ ချစ်ခြင်း love
၂။ ဝမ်းမြောက်ခြင်း joy
၃။ ငြိမ်သက်ခြင်း peace
၄။ စိတ်ရှည်ခြင်း patience
၅။ ကျေးဇူးပြုခြင်း kindness
၆။ ကောင်းမြတ်ခြင်း goodness
၇။ သစ္စာစောင့်ခြင်း faithfulness
၈။ နူးညံ့သိမ်မွေ့ခြင်း gentleness
၉။ ကာမဂုဏ်ချုပ်တည်းခြင်း self-control
သန့်ရှင်းသောဝိညာဉ်တော်ပြည့်ဝသော်လည်း
ဝိညာဉ်သည် ထပ်ခါထပ်ခါ အလုပ်လုပ်သည်။
(တ၊ ၂း၄) သခင်ယေရှုအသက်တာတွင်
ဝိညာဉ်ပြည့်ဝသော်လည်းအရက်၄၀အစာရှောင်

ပြီး စာတန်ကိုအောင်ခြင်းတန်ခိုးဖြင့်
ဂါလိလဲပြည်သို့ပြန်လာ ကာ
ကြီးမြတ်သောအမှုကို ထမ်းဆောင်ပါသည်။



ကျွန်ုပ်တို့အသက်တာလည်း
ဝိညာဉ်တော်ထပ်ခါထပ်ခါ အလုပ်လုပ်ရန်
တမန်တော်နှင့်တပည့်တော်များအသက်တာဖြင့်
လမ်းပြခဲ့ပါသည်။ ထိုသူတို့အပေါ်၌မှုတ်လျှက်
(ယော၊ ၂၀း၂၂) တမန်တော်နှင့် တပည့်တော်
များဒုတိယမွေးဖွားခြင်းဖြစ်ပြီး
ဝိညာဉ်တော်ပြည့်ဝခြင်းသည်
ယေရုရှလင်မြို့အထက်ခန်းမှာဖြစ်၏။ (တ၊
၂း၄) ရှင်ပေါလု၏အသက်တာ၌
ဝိညာဉ်တော်ပြည့်စေရန် ဆုတောင်းခြင်းဖြင့်
ထပ်ဖြည့်စေသည်။ တန်ခိုးသည် မဆုံးနိုင်ပါ။
3.What will Take Place Later (4-22
ကြီးမြတ်သောအမှုတော်မြတ်အတွက်လည်း
ဝိညာဉ်ဘိသိက်လိုအပ်ပါသည်။
ဗျာ၊ ၄း၂ At once I was in the Spirit

သမ္မာကျမ်းစာက
ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ(ယော၊ ၃း၅) အကြောင်းမှာ ကောင်းကင်အနှစ်အရသာ ကိုမြေကြီးအသက်တာ၌ ခံစားရန်ဖြစ်သည်။ ချီ ဆောင်ခြင်းနှင့် ဝိညာဉ်မထမြောက်မီ၊
ဘုန်းပြောင်းလဲရန်
အသက်တာကိုဖေါ်ပြပါသည်။ (မာ၊ ၉း၁-၄)
ဗျာဒိတ်တော်ယောဟန်သည်
ထိုအသက်တာကို ပတ်မုကျွန်း(မြေကြီးပေါ်)၌ဒု က္ခဆင်းရဲခံရစဉ်၊ ကောင်းကင်ဘုံစည်းစိမ်၌ယစ် မူးနေခြင်းဖြစ်ပါသည်။(ဧ၊ ၅း၁၈။ တ၊ ၇း၅၆-၆၀)

ဗျာ၊ ၄း၅ ပလင်တော်ရှေ့၌ ဘုရားသခင်၏ဝိ ညာဉ် ခုနစ်ပါးတည်းဟူသော မီးခွက်ခုနစ်လုံး ဖြစ်သည်။





၄င်းကို OT ၌တဲတော်ရှိသန့်ရှင်းရာ အခန်းတွင် အစဉ်ထွန်းလင်းသောအတက်(၇)ခု နှင့် ပြည့်စုံသော ဆီမီးတိုင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်ဘိသိက်ဖြစ်ပါသည်။ (Is -11:2) ဗျာဒိတ်ရှိဝိညာဉ်ခုနစ်ပါး(ဗျာ၊ ၁း၅)နှင့် ဝိညာဉ်ဘိသိက်(၇)မျိုး(ဟေရှာ၊ ၁၁း၂)တို့သည် သန့်ရှင်းသောဝိညာဉ်တော်

တပါးတည်းသာဖြစ် ပါသည်။ မတူညီသော ဘိသိက်(၇)မျိုးဖြင့် အမှုတော်မြတ်ကို ကိုယ်တော်နှင့်အမျှ (ဧ၊၄း၂၄) တန်ခိုးဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ကျွန်ုပ်တို့သည် ထိ ရောက်သောအမှုတော်မြတ်အတွက်မတူညီသော ဘိသိက်ကိုခံရကြသည်။သန့်ရှင်းသော

ဝိညာဉ်တော်ဘိသိက်(၇)မျိုး(ဟော၊ ၁၁း၂)

၁။ ထာဝရဘုရားထံတော်မှလာသောဝိညာဉ်
၂။ ဉာဏ်ပညာကိုပေးသောဝိညာဉ်
၃။ နားလည်နိုင်သောဝိညာဉ်
၄။ အကြံဉာဏ်ပေးနိုင်သောဝိညာဉ်
၅။ အားကြီးသောဝိညာဉ်
၆။ အသိတရားကို ပေးသောဝိညာဉ်
၇။ ဘုရားကိုကြောက်သောဝိညာဉ်

ထာဝရဘုရားထံတော်မှလာသောဝိညာဉ်သည် ယေရှုခရစ်တော်ပေါ်၌သာရှိသောဝိညာဉ်ဖြစ်သည်။ ဉာဏ်ပညာကိုပေးသော ဝိညာဉ်ကို အမှုတော်ဆောင်များအတွက် လိုအပ်ပါသည်။ ယောရှုရသော ဝိညာဉ်ဘိသိက်ဖြစ်ပါသည်။ (တရား၊ ၃၄း၉) အားကြီးသောဝိညာဉ်ကိုလည်း ရှံဆုန်(သူ၊ ၁၃-၁၆) ရရှိပါသည်။ ဧဝံဂေလိဆရာများအတွက် ဘုရားကိုကြောက်ရွံ့သောဝိညာဉ်ဘိသိက်ရရန် လိုအပ်ပါသည်။




အခြေအနေတိုင်းအတွက် ဝိညာဉ်တော်ဘိသိက်(၇)မျိုးဖြစ်ပါသည်။ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကဲ့သို့ပင် တပါးတည်းသော ဝိညာဉ်မှလုပ်ရပ်(၇)မျိုးဖြစ်ပါသည်။ ဝိညာဉ်တော်ဘိသိက်ကို ထာဝရကာလတိုင်အောင်တောင်းနိုင်ပါသည်။ အသက်ရှင်သောသူအပေါင်းတို့၏အမိဖြစ်သော ဧဝ(က၊ ၃း၂၀)မှ ဆင်းသက်လာသောအသီး၊ အသီးဘာသာစကားကိုပြောသောလူအမျိုးမျိုး၊ အစုစုပေါ်တွင်သားရဲနီပေါ်၌ထိုင်နေသော ပြည့်တန်ဆာ(ဗျာ၊၁၇)နှင့် သိုးသငယ်သည် စစ်တိုက်၍ နိုင်တော်မူမည်။ အကြောင်းမူကား သိုးသငယ်သည် သခင်တို့၏သခင်၊ ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏။(ဗျာ၊ ၁၇း၁၄) ခရစ်တော်၏အောင်မြင်ခြင်း၌ကျွန်ုပ်တို့ကိုလည်း သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်တော်ဘိသိက်တန်ဆာများကိုပေးကာ၊ ခေါ်တော်မူသောသူ၊ ရွေးချယ်တော်မူသောသူ၊ သစ္စာရှိသောသူအဖြစ်ကောင်းကင်အရပ်၌နေရာပေး၊ အသက်စာရင်းဝင်ထားကြောင်း ဗျာဒိတ်ကျမ်းအားဖြင့် သိကြရပါသည်။

၁။ သမ္မာကျမ်းစာဩဝါဒ(၁၉၉၈)
ကျမ်းစာသင်တန်း(သတင်းကောင်းအသင်းတော်)
၂။ သန့်ရှင်းသောဝိညာဉ်တော်(၂၀၀၆)
ကျမ်းစာသင်တန်း (ဗေသနီအသင်းတော်)

...........................

# "ဖြောင့်မတ်ခြင်းတံခါးသို့ ဝင်ရောက်ခြင်း"

## Enter to the gate of righteousness

ဖြောင့်မတ်ခြင်းတံခါးတို့ကို ငါ့အားဖွင့်ကြ၊ ငါဝင်၍ ထာဝရဘုရား၏ ဂုဏ်တော်ကိုချီးမွမ်းရမည်။ ဤတံခါးသည် ထာဝရဘုရား၏တံခါးဖြစ်၏။ ဖြောင့်မတ်သောသူတို့သည် ဝင်ရကြ၏။ (ဆာ၊ ၁၁၈း၁၉၊၂၀)။

နှုတ်ကပတ်တော်၏သွန်သင်ချက်အရ ကျွန်ုပ်တို့စဉ်းစားဆင်ခြင်သင့်သည်မှာ ဖြောင့်မတ်ခြင်းတံခါးသို့အဘယ်မည်သောသူတို့ ဝင်ရောက်ကြရမည်နည်း?။



၁၁၈ ခုမြောက်သောဆာလံ၊ ငယ် ၁၉၊၂၀ အရ
(၁) ဖြောင့်မတ်ခြင်းတံခါးဆိုသည်မှာ ထာဝရဘုရား၏တံခါးဖြစ်သကဲ့သို့

(၂) ဝင်ရောက်ခွင့်ရသူများမှာဖြောင့်မတ်သူများ (ဝါ)ဖြောင့်မတ်ခြင်းအသက်တာ၌သွားလာကျင်

**ဖြောင့်မတ်ခြင်းတံခါးသို့ အဘယ်မည်သောသူတို့ ဝင်ရောက်ကြရမည်နည်း?**

လည်သူများပင်ဖြစ်သည်။

ကောင်းကင်နိုင်ငံသို့ဝင်စားခြင်းနှင့်စပ်ဆိုင်သောအဖြစ်အပျက်ကလေးတခုကို တင်ပြချင်ပါသည်။ အဖြစ်အပျက်ကလေးတွင် ကောင်းကင်နိုင်ငံသို့ AG Pastor တပါးရောက်လာခဲ့သည်။ သို့သော် ပေတရုကြီးက ဘေးတံခါးမှ ဝင်ရောက်ရန် ဘေးတံခါးကိုသာဖွင့်ပေး၍ AG Pastor ဘေးတံခါးမှ ဝင်ရောက်လာခဲ့သည်။ Pentecostal Pastor တပါးလည်း လားတူဝင်ခွင့်နှင့် ဝင်လာခဲ့ပြန်သည်။ Chramatic Pastor လည်း အလားတူဝင်ရောက်လာသည်။

တစ်နေ့တွင် Roman Catholic Father တပါးရောက်လာသည်။တံပိုးခရာမှုတ်လျှက် ကော်ဇောနီကို၍ကြိုဆိုမှုကို ပြုကြသည်။ ထို့ကြောင့်အထက်ကဝင်ရောက်လာ သူ Pastor သုံးပါးကရှင်ပေတရု ဆီသို့လာ၍ အဘယ်ကြောင့်သူတို့ဝင်ရောက်လာစဉ် ထိုကဲ့သို့မကြိုဆိုပါသနည်းဟုမေးမြန်းကြသည်တွင် ရှင်ပေတရု က'မင်းတို့တွေကနေ့တိုင်းလတိုင်း ဝင်နေကြတာ၊သူတို့တွေကြတော့အနှစ်တစ်ရာမှ တစ်ခါလောက်ပဲရှိတာလေဟုဖြေကြားခဲ့လေသည်။

ဤအဖြစ်အပြက်အားဖြင့်ကျွန်ုပ်တို့၏ အသက်တာ အသီးသီးကောင်းကင်ဘုံ သို့ဝင်စားချိန်တွင်အဘယ် သို့ကြိုဆိုခြင်းကိုခံ ရပါမည်နည်း။ဖြောင့်မတ်ခြင်း တံခါး(ဝါ) ဘုရားသခင်၏တံခါးတော်သို့ဝင်ရောက် ခွင့်ရရန် လိုအပ်ချက်မှာဖြောင့်မတ်ခြင်းရှိမှသာဖြစ်နိုင်မည်။ ကျွန်ုပ်တို့၏ကောင်းကင်နိုင်ငံဝင်ခွင့် Passport of Heaven တွင်ဖြောင့်မတ်ခြင်း ဗီဇာ VISA of Righteousness တံဆိပ်တုံးရိုက်နှိပ်ဖို့ရန်လိုအပ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကို ဘုရားသခင်ကသူ၏အကြံအစည်တော် အားဖြင့် ဖြောင့်မတ်အောင်ဖန်ဆင်း ခဲ့သော် လည်း ကျွန်ုပ်တို့ကမိမိတို့၏ကိုယ်ပိုင်အတွေးအခေါ် အကြံအစည်အားဖြင့်ဖြောင့်မတ်ခြင်းလမ်းမှ သွေဖယ်နေကြ၍ပင် ဖြစ်သည်။ (ဒေ၊ ၇း၂၉)။ ငါတွေ့သောအရာတခု တည်းဟူမူကား၊ ဘုရားသခင်သည် လူကိုဖြောင့်မတ်အောင် ဖန်ဆင်းတော်မူသော်လည်း၊ လူတို့သည် များပြားသော အကြံအစည်တို့ကို ရှာဖွေကြံစည်ကြပြီ ဟူ၍ ပါရှိသည်မဟုတ်ပါလား?။

**၁။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သလော?**

မဖြောင့်မတ်ပါ။ (ဆာ၊၁၄း၃။၅၃း၃။ ဒေ၊၇း၂၀)အရ 'အပြစ်မပါဘဲ ကောင်းသော အကျင့်ကိုကျင့်သောသူတော်ကောင်း တစုံတယောက်မျှ မြေကြီးပေါ်မှာမရှိ' (ဒေ၊ ၇း၂၀) တွင် အတိအလင်းဖေါ်ပြပြီး ဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ မုသာကို သုံးဆောင်လျှက် ရှိကြပါသည်။
(၁)မမြင်ရသော ဘုရားသခင်ကိုလိမ်ကြသည်။
(၂) မြင်လျှက်ရှိသောသူတပါးကိုလည်းလိမ်ကြသည်။
နောက်ဆုံးလိမ်စရာမရှိသော် ကိုယ့်ကိုကိုယ် လိမ်မိကြသည်။ ဥပမာဆိုရသော် အသင်းတော်ရှိဆုတောင်းစည်းဝေးသို့သွားရန် အိမ်မှထွက်လာကြသည်။ လမ်းတွင် အသိမိတ်ဆွေတဦးကတွေ့၍ ဘယ်ကိုသွားမည်နည်းဟုမေးလျှင် ဆုတောင်းစည်းဝေးသွားမည်ဟုဖြေလေ့ရှိသည်။ အသင်းတော်သို့ရောက်ပြီး ဆုတောင်းစည်းဝေးပြုချိန် အချို့က အိပ်ပျော်ငိုက်မြည်းကြသည်။ အချို့က စကားစမြည်ပြောကြသည်။ အချို့က စီးပွားရေးကိစ္စဆွေးနွေးကြသည်။ကျွန်ုပ်တို့ဘာမျှ အဓိပ္ပာယ်မရှိ သောထုံးတမ်းစ လေ့ကြီးတစ်ခုထဲတွင် ပုံသွင်းခံမနုဿစက်ရုပ် များသဖွယ် ရှင်သန်ခြင်းမျှသာ ပြုလျှက်ရှိ နေကြသည်မဟုတ်ပါလား?။ ယေရှာ၊ ၆၄း၆ တွင်

'ကျွန်ုပ်တို့ရှိသမျှသည် စင်ကြယ်ခြင်းမရှိပါ ပြုဘူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏. . ." ဟုဆိုထားရာ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် အပေါ်ယံအရည်ခြုံထားခြင်းသာ ဖြစ်သည်။

**၂။ ဖြောင့်မတ်မှုမရှိခြင်း၏ရလဒ်**

ဖြောင့်မတ်ခြင်းမရှိလျှင် ကျွန်ုပ်တို့ရရှိမည့်ဆိုးကျိုးမှာအဘယ်သို့နည်း။ ဘုရားသခင်၏ အမျက်တော်ကို ခံရခြင်းပင်ဖြစ်သည်။ ရော၊ ၁း၁၈ 'သမ္မာတရားကို အဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူတို့ ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန်ကျူးခြင်းအမှု အမျိုးမျိုးတို့တဘက်၌ ဘုရားသခင်အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက်ရှိ၏' ဟူ၍၎င်း၊ ဧဖက်၊ ၂း၃-ထိုငြင်းဆန်သောသူတို့နှင့်တကွ၊ ငါတို့ရှိသမျှသည် အထက်က ကိုယ်ကာယ၏အလိုသို့၎င်း၊ စိတ်၏အလိုသို့၎င်း လိုက်သဖြင့် ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍၊ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်းအမျက်တော်ကိုခံရသောဖြစ်ကြ၏။ ပုတ်သူကပေါ်မည်၊ ဟုတ်သူကကျော်မည်။ ဆင်သေကို ဆိတ်သရေနှင့်ဖုံး၍မရနိုင်ပါ။



# ဆင်သေကို ဆိတ်သရေ နှင့်ဖုံး၍မရနိုင်ပါ။

ရိုးရာပုံပြင်လေးတပုဒ်က ဤသို့ဆိုထားပါသည်။တရံခါ၌ ရှင်ဘုရင်တပါးရှိသည်။ အလွန်နှာခေါင်းကြီးမား၍သူ၏မျက်နှာကိုဘယ်သူမျှကြည့်ခွင့်မရှိပေ။ တနေ့တွင်ရှင်ဘုရင်က တောကစားထွက်ရင်း မျက်စိလည်လမ်းမှားသွား သည်။ တောထဲတွင် လှည့်လည်နေရင်း၊ တော ထဲတွင်ထင်းခွေနေသောသူတယောက်ကို တွေ့မိသည်။ တောလိုက်သွားသောဘုရင်ဖြစ်၍ စုတ်စုတ်ပြတ်ပြတ်အဝတ်အစားနှင့်ဘုရင်ကိုဘု ရင်မှန်းမသိပေ၊ နှာခေါင်းအကြီးကြီးနှင့်လူကြီး ဟုသာမြင်၍ ခွက်ထိုးခွက်လှန်ရယ် မောလေတော့သည်။ ဘုရင်က ထိုသူအနီး သို့သွား၍ သူ၏ ပတ္တမြားလက်စွပ်တော်ကိုပြ၍ သူသည်ဤနိုင်ငံတော်ရှင်ဘုရင်ဖြစ်ကြောင်း သတိပေးသောကြောင့်

ထိုသူကြောက်အားလန့်အားခေါင်းငုံ့၍
ပြပ်ဝပ် နေလေသည်။ ဤတွင် ရှင်ဘုရင်က
'မောင်မင်း တဦးတည်းသာ ဤနိုင်ငံတွင်
ငါ၏မျက်နှာကိုမြင်ဖူးသူဖြစ်၍ ငါသည်
နှာခေါင်းကြီးသူဖြစ်ကြောင်းကို ဘယ်သူ့ကို
မျှမ ပြောရ။ ပြောသည့်နေ့တွင် သေဒဏ်ကျ
စေဟု အမိန့်မှတ်ပြီး၊ နန်းတော်သို့ပြန်
လာလေသည်။ ဘုရင်၏မျက်နှာကိုမြင်ဖူးသူမှာ
တနေ့ထက်တ နေ့ထိုလျှို့ဝှက်ချက်ကို
ရှင်ဘုရင်ကြီးပြန်သွားချိန်မှအစပြုလျှက်၊
သူတပါးကိုပြောပြချင်နေသည်။ သို့သော် သေ
ဒဏ်ကြောက်ရွံ့၍မပြောဝံ့ပေ။ (၁)နှစ်၊ (၂)နှစ်
ခန့်အထိ သူလျှို့ဝှက်ထားခဲ့သည်။ နောက်ဆုံး
တွင် လုံးဝမနေနိုင်၍တောထဲတွင်ရှိသော
သစ်ခေါင်းပေါက်ကြီးတခုထဲခေါင်းထည့်၍
'ငါတို့ရဲ့ ရှင်ဘုရင်ကြီးဟာ နှာခေါင်းကြီး
သူဖြစ် တယ်' ဟုအကျယ်ကြီး အားရပါးရ
ပြောပြီး၊ သူ၏ စိတ်အလိုဆန္ဒကို
ဖြေခဲ့လေသည်။ ထိုသို့ပြုပြီး (၃)လခန့်
ကြာသော် ရှင်ဘုရင်၏နန်းတော်မှ
စည်ပေါက်၍ ပျက်စီးသွားသောကြောင့်
စည်အသစ်ပြုရန်အတွက် သစ်ခေါင်းကို
အရှာထွက်ကြလေသည်။ နောက်ဆုံးတွင်
တောထဲ၌ထင်းခွေသူအသုံးပြုခဲ့ဖူးသော
သစ်ခေါင်းကြီးကိုရွေးချယ်မိလျှက်သားဖြစ်ပြီး၊နန်း
တော်သို့ပြန်လည်ဆောင်ယူခဲ့ကာ စည်အဖြစ်
ပြုလုပ်ကြလေသည်။ စည်ကိုပြုလုပ်ပြီးနောက်
တနေ့တွင် ဗဟိုစည်တီးဖို့ရန် အချိန်၌စည်
အသစ်ကြီးကိုတီးကြသည်။စည်ကစည်သံ
မထွက် လာဘဲ
'ငါတို့ရှင်ဘုရင်ကြီးနှာခေါင်းကြီးသူဖြစ်တယ်'ဟု
ကျယ်လောင်စွာမြည်ဟီးလေတော့သည်။ ရှင်ဘု
ရင်က အလွန်ဒေါသထွက်လျှက် စိတ်ဆိုးပြီး
တောတွင်းသားကို ဖမ်းဆီးခေါ်ဆောင်လျှက်
ကွပ်မျက်လေတော့သည်။ ဤဖြစ်ရပ်ကို
ကြည့်သော် မကောင်းမှုသည်
ဆိတ်ကွယ်ရာမရှိပါ။ ဘုရားသခင်ရှေ့တွင်
ထင်ရှားလျှက်ရှိသလို ဘုရားရှင်အမျက်
တော်သည်လည်း အထင်အရှားသက်
ရောက်လာစရာအကြောင်းပင် ဖြစ်**သည်။**

**၃။ ကျွန်ုပ်တို့စံရသော ဖြောင့်မတ်ခြင်း**

ဖြောင့်မတ်ခြင်းမရှိသူ ကျွန်ုပ်တို့
အသက်တာအသီးသီးအတွက် သတင်းကောင်း
တရပ်မှာ သခင်ယေရှုခရစ်ကိုမိ မိ၏ကယ်တင်
ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံပါ က
ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာ
သို့ရောက်ခြင်းပင်ဖြစ်သည်။ ရော၊ ၅း၂၁ တွင်
'ထိုသို့ဖြစ်လျှင်၊ အပြစ်တရားသည်
သေခြင်းအားဖြင့် အစိုးရသည်နည်းတူ၊ ငါတို့
သခင်ယေရှုခရစ်ပြု စုတော်မူ၍၊ ကျေးဇူးတရား
သည်ထာဝရအသက်နှင့် ယှဉ်သောဖြောင့်မတ်
ရာသို့သွင်းခြင်းအားဖြင့် အစိုးရ လေအံ့
တည်း'ဟူ၍ ကျွန်ုပ်တို့ယုံကြည်သူများ
၏ဖြောင့်မတ်ခြင်းသည် သခင်ယေရှုခရစ်
ပြုစုတော်မူသော ကျေးဇူးတော်သက်သက်အား
ဖြင့်သာခံစားရသည်မဟုတ်ပါလား? ဖြောင့်မတ်
ခြင်းတရားလမ်းကိုရွေးချယ်သူမှာအသက်လမ်းကို
ရွေးချယ်သူပင်ဖြစ်သည်။(သု၊၁၂း၂၈)
ဖြောင့်မတ် ခြင်းတရားလမ်း၌သေဘောမရှိ၊
အသက်ချမ်းသာလမ်းဖြစ်၏။

၄။ ဖြောင့်မတ်သူမှန်လျှင်

ကျွန်ုပ်တို့သည်

ဖြောင့်မတ်ခြင်းလမ်းကိုရွေးချယ်ပြီးနောက်အဘယ်သို့ပြုမူနေထိုင်သင့်ပါသနည်း?ဖြောင့်မတ်သူပီသစွာ

နေထိုင်သွားလာသင့်သည်မဟုတ်ပါလော?

(က) ဖြောင့်မတ်သူမှန်လျှင်ဖြောင့်မတ်စွာ ဖြောင့်မတ်ခြင်း၌အသက်ရှင်ပါ(၁ပေ၊၂း၂၄)



'ငါတို့သည်အပြစ်နှင့်ဆိုင်သောအရာ၌အသေဖြစ်၍ဖြောင့်မတ်ခြင်းအရာ၌အသက်ရှင်စေမည်အကြောင်း. . . '

(ခ) ဖြောင့်မတ်ခြင်းကိုဝတ်ဆင်ပါ(ဧ၄း၂၄)

'စိတ်နှလုံးသဘောသစ်ကိုရရှိပြီးလျှင် မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ

ဖန်ဆင်းသောလူသစ်ကိုယူတင်ဝတ်ဆောင်မည်အကြောင်း. . . '

(ဂ)မှန်သည့်အရာကိုကျင့်ဆောင်(၁ယော၊၂း၂၉) ဘုရားသခင်သည် ဖြောင့်မတ် တော်မူသည်ကို သင်တို့သည်သိလျှင်၊ ဖြောင့်မတ်ခြင်းတရားကို ကျင့်သောသူမည်သည်ကား ဘုရားသခင်

ဖြစ်ဘွားစေတော်မူသောသူဖြစ်သည်

ကိုသိရကြ၏။(သု၊၂၄း၂၆) မှန်သောစကားကို ပြန်ပြောတတ်သောသူ၏နှုတ်ကိုလူတိုင်းနမ်းလိမ့်မည်။ (ယောဘ၊ ၆း၂၅(က))မှန်သောစကားသည် တန်ခိုးကြီး၏။(ဃ) ဆိုးသွမ်းသောအကျင့်

ရှောင်ကြဉ်ပါ။ (၂ကော၊၆း၁၄၊၁၅)မယုံကြည်သော သူတို့နှင့်တွဲဘက်၍ဆန့် ကျင်ဘက်ဖြစ်သောထမ်းပိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကိုအဘယ်သို့ လက်ခံနိုင်မည်နည်း။ အလင်းသည်မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံ နိုင်မည်နည်း။

. . ဥပမာဆိုရသော် ထိုအချက်သည်

မညီသောထမ်းပိုးထမ်းလျှက်၊အိမ်ထောင်ပြုခြင်းကိုရည်ညွှန်းရုံမျှမကဘဲ ယုံကြည်သူဖြစ်လျှက်၊ ယုံကြည်သူနှင့်မအပ်စပ်သောလောကီပျော်မွေ့ခြင်း၊ဒုစရိုက်လွန်ကျူးခြင်း၊ သေရေသေရက်သောက်စားခြင်း၊ သူ့မယားအားပြစ်မှားခြင်း၊ ပြည့်တန်ဆာ နှင့်မှားယွင်းခြင်းစသည်တို့၌ မွေ့လျော်နစ်မွန်းမှုသည် ယုံကြည်သူဖြစ်လျှက်မယုံကြည်သူတို့နှင့်မခြားပြုမူကျင့်ကြံခြင်းကိုရှောင်ကြဉ်သင့်ပါသည်။



**၅။ ဖြောင့်မတ်သူတို့ခံစားခွင့်**

ဖြောင့်မတ်ခြင်းတံခါးကိုဖြတ်ကျော်လာကြသော ဖြောင့်မတ်သူတို့အသက်တာ၌ ခံစားရရှိသော အကျိုးရလဒ်မှာ အဘယ်သို့နည်း?။ ၂ပေ၊ ၃း၁၃၊၁၄- တွင် ယခုကဲ့သို့ဖေါ်ပြလျှက်ရှိပေသည်။ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုယ်းကောင်းကင်သစ် နှင့်မြေကြီးသစ်ကိုငါတို့ သည်ဂတိတော်နှင့်အညီ မြော်လင့် ကြ၏။ ထိုသို့မြော်လင့်ခြင်းရှိသောကြောင့်ချစ်သူတို့၊ သင်တို့သည် အညစ်အကြေးနှင့်ကင်းစင်၍အပြစ်မပါဘဲ၊ရှေ့တော်သို့ငြိမ်ဝပ်စွာရောက်မည့်အကြောင်းကြိုးစားအားထုတ်ကြလော့' ဟုဆိုသည့်အတိုင်း အပြစ်မှလွတ်ကင်းခွင့်နှင့်အတူ အထံတော်၌ငြိမ်ဝပ်စွာနေရခြင်းအခွင့်ကို ပြင်ဆင်ပေး ထားလျှက်ရှိကြောင်းတွေ့ရသည်။ အခြားသောအကျိုးရလဒ်မှာ ဓမ္မသရဖူကိုခံစားရယူနိုင်ခြင်းပင့်ဖြစ်သည်။ (၂တိ၊၄း၈)တွင် 'ယခုမှစ၍ ဓမ္မသရဖူကိုငါ့ အဘို့ သိုထားလျှက်ရှိ၏။ ထိုနေ့ရက်၌ တရားစီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေး တော်မူမည်' ဟူသော ဂတိတော်ရှိသည့်အတိုင်း ရှင်ပေါလု၏ဓမ္မသရဖူရပိုင်ခွင့်သည် ကျွန်ုပ်တို့ အားလုံးအတွက်လည်း ဘုရားသခင်ပြင်ဆင်ပေး လျှက်ရှိကြောင်း ထင်ရှားလျှက်ရှိသည်မဟုတ်ပါလား?။ ကျွန်ုပ်တို့အသက်တာတွင် ထိုခံစားခွင့်



ရှိသမျှကို လက်ရဥစ္စာအဖြစ် ဘုရားသခင်ထံ၌ရယူကြပါစို့။ အယောက်စီတိုင်းကို ဘုရားသခင်ကောင်းကြီးပေးပါစေ။

ကော်နေလိ(ရန်ကုန်၁)

အခြေပြုကျမ်း။ ။ဆာ၊၁၁၈း၁၉၊၂၀။ ၅၃း၅။၁၄း၃။ ဒေ၊၇း၂၀၊၂၉။ ဟေရှာ၊၆၄း၆။ ရော၊၁း၁၈။ ၅း၂၁။ ဧ၊၂း၃။၄း၂၄။ သု၊၁၂း၂၈။၂၄း၂၆။ ၁ပေ၊ ၂း၂၄။ ၁ယော၊ ၂း၂၉။ ယောဘ၊၆း၂၅။ ၂ကော၊ ၆း၁၄၊၁၅။ ၂ပေ၊ ၃း၁၃၊၁၄။ ၂တိ၊၄း၈။

## ဘာသာပြန်ကဗျာကဏ္ဍ

'ဖန်ဆင်းခြင်းအတွက်'

# For Creation

All things bright and beautiful,
all creature great and small,
all things wise and wonderful
the LORD God made them all.
He gave us eyes to see them,
and lips that we might talk.
how great is God Almighty,
Who has made all things well.

CECIL FRANCES ALEXANDER,
NINETEENTH CENTURY

တောက်ပခြင်းနှင့် လှပခြင်း
ကြီးမားခြင်းနှင့် သေးနှုတ်ခြင်း
အံ့ချီးဖွယ်ရာ ထို့ပညာ
ကိုယ်တော်လက်ဖြင့် ဖန်ဆင်းရာ။
စက္ခုအစုံဖြင့် ရှုမြင်ပါ
နှုတ်ခမ်းကလေးနှင့် ကြားပြောစရာ
ဖန်ဆင်းခြင်းကြောင့် ဖြစ်တည်လာ
ထာဝရဘုရား၏ရွှေလက်ရာ။ ။

M.Y.S (cLose to you)



## " သေခြင်း၏အစိပ္ပာယ် "

*ကျွန်တော်သေရင်*

*ကျွန်တော့်အတွက် ပန်းခွေမလိုဘူး*

*အနားမှာ ဘယ်သူမှမရှိလည်း ဘာမှမဖြစ်ဘူး*

*ကျွန်တော့်အတွက် မလွမ်းကြပါနဲ့*

*ကျွန်တော့်အတွက် မငိုကြပါနဲ့*

*မစည်ကားရင် နေပါစေ*

*လူတွေအနားမှာ မရှိရင်ပြီးရော*

*ကျွန်တော့်အတွက် အလှူငွေမကောက်နဲ့*

*လူတွေမောက်မာကြလိမ့်မယ်*

*ကျွန်တော့်အတွက် လိုက်မပို့ကြနဲ့*

*လိုက်ရှုပ်မယ့် လူတွေကိုကြောက်တယ်*

*ကျွန်တော်သေရင် ဘာသာတရားအရ*

*အမှန်တရား ဟောဖို့မလိုဘူး*

*စိတ်ချ ငါ့ခန္ဓာကိုယ်က*

*မြေကြီးပေါ်က ဂူကြီးထဲမှာ*

*ရှိနေမှာပါ....*



ကျွန်တော့်ဂူပေါ်ကို အနူကြီးတွေ

တက်ဆော့လည်း ဘာမှမဖြစ်ဘူး

သူတောင်းစားတွေ ဝေစုခွဲတဲ့

ဌာနလည်း ဖြစ်ရင်ဖြစ်မယ်

လမ်းသလားတဲ့ ကလေးတွေ

ဆော့ချင် ဆော့မယ်

ဖဲသမားတွေ ဝဲစားတွေ

ဝိုင်းချင် ဝိုင်းမယ်

ထိုင်ချင် ထိုင်မယ်

အနံ့လှိုင်လှိုင် ထွက်ချင်ထွက်မယ်

ပုပ်ချင် ပုပ်မယ်

အဟုတ်ကို စုတ်ပြတ်ရင် စုတ်ပြတ်မယ်

ဘာမှမဖြစ်ဘူး ငါမလွမ်းဘူး

လူတွေမသိတဲ့ ငါ့ဝိညာဉ်ကို

အမှန်တကယ်ချစ်တဲ့ ယေရှုရှင်က

ယာဝစဉ်ခွဲလို့....ကောင်းကင်ဘုံမှာ

အာပြဟံကြီးရဲ့....ရင်ခွင်ထဲကို

ပို့ပေးမှာပါကွာ......။



(ကြည်ထွန်းစံ)

..............................